ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံး၊ ဘဲလ်ဂရိတ်မြို့
Embassy of the Republic of the Union of Myanmar

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ၂၀၂၇ ခုနှစ်၊ ဧပြီလ ၄ ရက်နေ့တွင် ကျင်းပပြုလုပ်မည့် ကြားဖြတ်ရွေးကောက်ပွဲတွင် နိုင်ငံပြင်ပရောက်ရှိနေသူများ ကြိုတင်ဆန္ဒမဲပေးနိုင်ရေး အသိပေးကြေညာချက်

၁။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရအနေဖြင့် ၂၀၂၇ ခုနှစ်၊ ဧပြီလ ၄ ရက် (တနင်္ဂနွေနေ့) တွင် ကြားဖြတ်ရွေးကောက်ပွဲကို ကျင်းပပြုလုပ်မည် ဖြစ်ကြောင်းနှင့် လွှတ်တော်ကိုယ်စားလှယ်နေရာ လစ်လပ်သည့် မဲဆန္ဒနယ်များအား ကြေညာချက်အမှတ် (၆၈/၂၀၂၆) ဖြင့် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

၂။ ဆားဘီးယားနိုင်ငံ၊ ဆလိုဗက်သမ္မတနိုင်ငံ၊ ဘူလ်ဂေးရီးယားနိုင်ငံများသို့ ရောက်ရှိနေသည့် အသက် (၁၈) နှစ်ပြည့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် မြန်မာနိုင်ငံသားများအနေဖြင့် ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပမည့် မဲဆန္ဒနယ်များတွင် ကြိုတင်ဆန္ဒမဲပေးနိုင်ရန် ပုံစံ (၁၅) ဖြင့် တောင်းဆိုရန် လိုအပ်ပါသည်။ အဆင်ပြေ ချောမွေ့စွာ ကြိုတင်ဆန္ဒမဲပေးနိုင်ရေးအတွက် မြန်မာသံရုံး၊ ဘဲလ်ဂရိတ်မြို့မှ ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

၃။ နိုင်ငံပြင်ပတွင် ရောက်ရှိနေသူများ ကြိုတင်ဆန္ဒမဲပေးနိုင်ရေးအတွက် ဖြည့်သွင်းရမည့် ပုံစံ (၁၅) များကို မြန်မာသံရုံး၊ ဘဲလ်ဂရိတ်မြို့၏ Website ဖြစ်သည့် www.mebelgrade.org တွင် လည်းကောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ Website ဖြစ်သည့် www.uec.gov.mm တွင် လည်းကောင်း ရယူနိုင်ပါသည်။ မဲဆန္ဒရှင်များအနေဖြင့် ဆန္ဒမဲပုံစံ (၁၅) ပြည့်စုံစွာဖြည့်စွက်လျက် ၁၆-၁၁-၂၀၂၆ ရက်မှ ၂-၁၂-၂၀၂၆ ရက်အတွင်း အောက်ဖော်ပြပါလိပ်စာသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ၊ Email ဖြင့်ဖြစ်စေ ပြန်လည်ပေးပို့နိုင်ပါရန် မေတ္တာရပ်ခံအပ်ပါသည်-

သံရုံးအမည် - Embassy of the Republic of the Union of Myanmar, Belgrade

လိပ်စာ - Kneza Milosa 72, Belgrade, Republic of Serbia

Email လိပ်စာ - myanmarinbelgrade@gmail.com

၄။ ပုံစံ (၁၅)များ ဖြည့်စွက်ရာတွင် အချက်အလက်များ ပြည့်စုံမှန်ကန်စွာ ဖြည့်စွက်ပေးပါရန်နှင့် ပုံစံ (၁၅)များ ပေးပို့ရာတွင် လျှောက်ထားသူ၏ သက်တမ်းရှိ နိုင်ငံကူးလက်မှတ်မိတ္တူပူးတွဲပေးပို့ရန် ဖော်ပြအပ်ပါသည်။

၅။ မြန်မာသံရုံးမှ ပုံစံ (၁၅) များ လက်ခံရရှိပါက ပေးပို့ထားသည့် ဖုန်းနံပါတ်/Email သို့ အကြောင်းပြန်ကြားသွားမည် ဖြစ်ပါသည်။

၆။ မဲဆန္ဒရှင်များမှ ဖြည့်စွက်ထားသည့် ပုံစံ (၁၅) များကို မြန်မာသံရုံးမှ သတ်မှတ်ထားသည့် နေ့ရက်တွင် ပေးပို့ပေးပါရန်၊ သတ်မှတ်ထားသည့်ရက် နောက်ပိုင်း ပေးပို့လာသည့် ပုံစံ (၁၅) များကို ဆက်လက်ပေးပို့ဆောင်ရွက်နိုင်မည် မဟုတ်ပါကြောင်း၊ ပုံစံ (၁၅) ပေးပို့ထားခြင်း မရှိသူများအနေဖြင့် ဆန္ဒမဲပေးပို့နိုင်မည် မဟုတ်ပါကြောင်း မေတ္တာရပ်ခံအပ်ပါသည်။ မြန်မာသံရုံး၊ ဘဲလ်ဂရိတ်မြို့ အနေဖြင့် ၂၀၂၇ ခုနှစ်၊ ဧပြီလ ၄ ရက် (တနင်္ဂနွေနေ့)တွင် ကြားဖြတ်ရွေးကောက်ပွဲကို သံရုံး၏ Website ဖြစ်သည့် www.mebelgrade.org မှတစ်ဆင့် အချိန်နှင့် တစ်ပြေးညီ ကြေညာပေးသွားမည် ဖြစ်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည်။

မြန်မာသံရုံး၊ ဘဲလ်ဂရိတ်မြို့၊
၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်။



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
မဲစာရင်းပါရှိသည့် သက်ဆိုင်ရာ မြို့နယ်ပြင်ပရောက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများနှင့် ပတ်သက်၍ ဖြည့်သွင်းရန်ပုံစံ

[နည်းဥပဒေ ၈၁ (က)၊ ၈၂ (က)]

ဥက္ကဋ္ဌ

----------မြို့နယ်ကော်မရှင်အဖွဲ့ခွဲ

ကျွန်တော်/ကျွန်မ ---------- သည် ---------- ရွေးကောက်ပွဲကျင်းပသည့်နေ့ရက်တွင် သက်ဆိုင်ရာ မြို့နယ်၏ပြင်ပသို့ ရောက်ရှိနေမည်ဖြစ်ပါသည်။ ကျွန်တော်/ကျွန်မအား ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်ရေးအတွက် ကျွန်တော်/ ကျွန်မနှင့် ပတ်သက်သည့် အချက်အလက်များကို အောက်ပါအတိုင်း ဖော်ပြတောင်းဆိုအပ်ပါသည် -

(၁) တောင်းဆိုသူ၏ အမည် ----------

(၂) တိုင်းရင်းသားလူမျိုး ----------

(၃) နိုင်ငံသားစိစစ်ရေးကတ်/ မှတ်ပုံတင်အမှတ် ----------

(၄) မွေးသက္ကရာဇ် (အသက်) ----------

(၅) အဘအမည် ----------

(၆) အမိအမည် ----------

(၇) *တောင်းဆိုသူ၏ အမြဲတမ်းနေရပ်လိပ်စာ- အမှတ် ( )

---------- လမ်း/ကျေးရွာ ---------- ရပ်ကွက်/ကျေးရွာအုပ်စု၊

---------- မြို့နယ်၊ ---------- တိုင်းဒေသကြီး/ပြည်နယ်

(၈) တောင်းဆိုသူ ယခုရောက်ရှိနေသည့် ----------

ရပ်ကွက်/ကျေးရွာ၊ မြို့နယ်/ဌာန (ပြည်တွင်း) ----------

(၉) တောင်းဆိုသူ ယခုရောက်ရှိနေသည့် ----------

ရပ်ကွက်/ကျေးရွာ၊ မြို့နယ်၊ နိုင်ငံ (ပြည်ပ) ----------

(နိုင်ငံအမည်နှင့်မြို့အမည်ကို မြန်မာ သို့မဟုတ် အင်္ဂလိပ်အက္ခရာဖြင့်ရေးသွင်းရန်)

တောင်းဆိုသူ၏လက်မှတ်

ရက်စွဲ၊ ----------

(* တောင်းဆိုသူ၏ အမြဲတမ်းနေရပ်လိပ်စာသည် ယခုတောင်းခံသည့် မဲဆန္ဒနယ်အတွင်းဖြစ်ရမည်။)

MOFA I MMRS v.2 Printed by MYANMAR EMBASSY, BELGRADE 12/11/2026 16:52:23

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် (၆၈ / ၂၀၂၆)

၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက်
(၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်)

လွှတ်တော်အသီးသီးတွင် လွှတ်တော်ကိုယ်စားလှယ်လစ်လပ်နေသော မဲဆန္ဒနယ်များအတွက် ကြားဖြတ်ရွေးကောက်ပွဲများ ကျင်းပမည့်နေ့ရက်သတ်မှတ်ကြေညာခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေ ပုဒ်မ ၁၀ ပါ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၃၄(ဂ) နှင့် နည်းဥပဒေ ၁၆(က) တို့အရ ၁၃၈၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက် (၂၀၂၇ ခုနှစ်၊ ဧပြီလ ၄ ရက်) တနင်္ဂနွေနေ့တွင် လွှတ်တော်ကိုယ်စားလှယ်နေရာ လစ်လပ်နေသည့် အောက်ပါ မဲဆန္ဒနယ်များအတွက် ကြားဖြတ်ရွေးကောက်ပွဲများ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သတ်မှတ် ကြေညာလိုက်သည် -

ပြည်သူ့လွှတ်တော်မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၃၄ နယ်

(၁) တွန်းဇံမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၂) ဖလမ်းမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၃) ထီးချိုင့်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၄) ဗန်းမောက်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၅) အင်းတော်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၆) ကောလင်းမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၇) ပုလဲမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၈) ယင်းမာပင်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၉) တန့်ဆည်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၁၀) မြိတ်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၁၁) ညောင်လေးပင်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်
(၁၂) ပေါက်ခေါင်းမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်

MOFA | MMRS v.2 Printed by MYANMAR EMBASSY, BELGRADE 11/11/2026 21:17:41

(၁၃) ပန်းတောင်းမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်

(၁၄) ချောက်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်

(၁၅) မင်းဘူးမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်

(၁၆) ပြင်ဦးလွင်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်

(၁၇) မိတ္ထီလာမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်

(၁၈) နွားထိုးကြီးမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်

(၁၉) စဉ့်ကူးမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်

(၂၀) မိုးကုတ်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်

(၂၁) ကျိုက်မရောမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်

(၂၂) မရမ်းကုန်းမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်

(၂၃) ရွှေပြည်သာမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်

(၂၄) လှည်းကူးမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်

(၂၅) တာမွေမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်

(၂၆) ကိုကိုးကျွန်းမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်

(၂၇) လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်

(၂၈) ကျောက်မဲမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်

(၂၉) မိုင်းဖြတ်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်

(၃၀) မိုင်းပန်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်

(၃၁) မအူပင်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်

(၃၂) ဇမ္ဗူသီရိမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်

(၃၃) ဒကွိဏသီရိမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်

(၃၄) ဥတ္တရသီရိမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်

အမျိုးသားလွှတ်တော်မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၅ နယ်

(၁) ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၅)

(၂) ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၃)

(၃) ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၄)

(၄) ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၅)

(၅) မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆)

MOFA | MMRS v.2 Printed by MYANMAR EMBASSY, BELGRADE 11/11/2026 21:17:41

တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ၁၆ နယ်
မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ်

(၁) တွန်းဇံမြို့နယ်မဲဆန္ဒနယ်
(၂) ဖလမ်းမြို့နယ်မဲဆန္ဒနယ်
(၃) ထီးချိုင့်မြို့နယ်မဲဆန္ဒနယ်
(၄) ဗန်းမောက်မြို့နယ်မဲဆန္ဒနယ်
(၅) အင်းတော်မြို့နယ်မဲဆန္ဒနယ်
(၆) ကောလင်းမြို့နယ်မဲဆန္ဒနယ်
(၇) ပုလဲမြို့နယ်မဲဆန္ဒနယ်
(၈) ယင်းမာပင်မြို့နယ်မဲဆန္ဒနယ်
(၉) တန့်ဆည်မြို့နယ်မဲဆန္ဒနယ်
(၁၀) ရွှေဘိုမြို့နယ်မဲဆန္ဒနယ်
(၁၁) ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်
(၁၂) သဲကုန်းမြို့နယ်မဲဆန္ဒနယ်
(၁၃) နွားထိုးကြီးမြို့နယ်မဲဆန္ဒနယ်
(၁၄) စဉ့်ကူးမြို့နယ်မဲဆန္ဒနယ်
(၁၅) မိုးကုတ်မြို့နယ်မဲဆန္ဒနယ်
(၁၆) ရေကြည်မြို့နယ်မဲဆန္ဒနယ်

(ပုံ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

MOFA | MMRS v.2 Printed by MYANMAR EMBASSY, BELGRADE 11/11/2026 21:17:41

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကြေညာချက်အမှတ် (၇၀ / ၂၀၂၆)

၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁ ရက်

(၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်)

ပြည်ပရောက်မဲဆန္ဒရှင်များမှ ပုံစံ (၁၅) များကို သက်ဆိုင်ရာသံရုံးများတွင် စတင်ထုတ်ယူနိုင်မည့် နေ့ရက်၊ အချက်အလက်ဖြည့်သွင်းပြီးသည့် ပုံစံ (၁၅) များကို သက်ဆိုင်ရာ သံရုံးများသို့ ပေးပို့နိုင်မည့်နေ့ရက်များထုတ်ပြန်ခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ကြားဖြတ်ရွေးကောက်ပွဲကို ၂၀၂၇ ခုနှစ်၊ ဧပြီလ ၄ ရက် (တနင်္ဂနွေနေ့) တွင် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ကြေညာချက် ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေ ၈၂ (က) အရ အောက်ပါ နေ့ရက်များကို ထုတ်ပြန်ကြေညာလိုက်သည် -

(၁) ပြည်ပရောက်မဲဆန္ဒရှင်များမှ ဆန္ဒမဲ ပေးနိုင်ရေးအတွက် ပုံစံ (၁၅) များကို သက်ဆိုင်ရာ သံရုံးများတွင် စတင် ထုတ်ယူနိုင်မည့်နေ့ရက် — ၁၁ - ၁၁ - ၂၀၂၆

[ပုံစံ (၁၅) များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် Website ၊ နိုင်ငံခြားရေးဝန်ကြီးဌာန Website နှင့် သက်ဆိုင်ရာ သံရုံး Website များမှလည်း Download ရယူနိုင်ပါသည်။]

(၂) ပြည်ပရောက်မဲဆန္ဒရှင်များမှ ဆန္ဒမဲ ပေးနိုင်ရေးအတွက် အချက်အလက်ဖြည့်သွင်းပြီးသည့် ပုံစံ (၁၅) များကို သက်ဆိုင်ရာသံရုံးများသို့ ပေးပို့နိုင်မည့် နေ့ရက် — ၁၂ - ၁၁ - ၂၀၂၆ မှ ၂ - ၁၂ - ၂၀၂၆

(ပုံ) သန်းစိုး
ဥက္ကဋ္ဌပြည်ထောင်စုရွေးကောက်ပွဲ
ကော်မရှင်